# ဝန်ဆောင်မှုပဋိညာဉ်

ဤဝန်ဆောင်မှု ကတိစာချုပ်ကို ခုနှစ်၊ လ၊ ( ) ရက်နေ့တွင် ရောင်နီတန်း ဆက်သွယ်ရေး ကုမ္ပဏီလီမိတက် (RedLink Communications Co., Ltd) မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ပြီး ရတနာပုံတယ်လီပို့၏ တရားဝင် အသိအမှတ်ပြု LSP အဖြစ် ယင်းမှတ်ပုံတင်ထားသည့် လိပ်စာတည်နေရာမှာ (အမှတ် - ၂၀၊ အဆောင် (B)၊ မြရိပ်ညိုရွှင်ရယ်ဟိုတယ်၊ ပုလဲလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်) (ယင်းကို ဤစာချုပ်၌ RedLink Communications Co., Ltd ဟူ၍သာ ရည်ညွှန်း ခေါ်ဝေါ်သွားမည်။)

ကတစ်ဖက်နှင့်

CUSTOMER ( အသုံးပြုသူ )
အမည်
နိုင်ငံသားကဒ်အမှတ် / နိုင်ငံကူးလက်မှတ်အမှတ်
နေရပ်လိပ်စာ
(ဤစာချုပ်၌ အဆိုပါ အသုံးပြုသူကို "သင်" သို့တည်းမဟုတ် "သင်၏" ဟူ၍ ရည်ညွှန်း ခေါ်ဝေါ်သွားမည် ဖြစ်သည်။)

RedLink Communications Co., Ltd အနေဖြင့် အထက်ပါ အမည်ပါ အသုံးပြုသူ (Customer) ထံမှ အင်တာနက် ဆက်သွယ်ခြင်းနှင့် ယင်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများ (ဤစာချုပ်တွင် ရှေ့အဖို့ရာ၌ "ဝန်ဆောင်မှု" ဟူ၍ ရည်ညွှန်းသုံးစွဲသွားမည်) အတွက် ဝန်ဆောင်မှုစီမံချက်ခေါ် (Service Plan) ကို လက်ခံရရှိကြောင်းနှင့် အခြားတစ်ဖက်မှ အသုံးပြုသူ (Customer) ကလည်း Service Plan တွင် ပါဝင် ဖော်ပြထားသည့် စည်းကမ်းချက်များ (Terms and Conditions) များကို ကောင်းစွာဖတ်ရှု နားလည်သဘောပေါက်ပါကြောင်း အသိအမှတ်ပြုသည့်အပြင် အဆိုပါ Service Plan တွင် ပါဝင်သည့် စည်းကမ်းသတ်မှတ်ချက်များ အားလုံးကို လိုက်နာလက်ခံရန် သဘောတူညီပါသည်။ ထို့အပြင် Service Contract နှင့် Acceptable Use Policy များကိုလည်း လိုက်နာရန် အသုံးပြုသူ (Customer) က သဘောတူပါသည်။

ယင်းသို့သဘောတူညီကြသည့်အလျောက် နှစ်ဦးနှစ်ဘက်အပြန်အလှန် လိုက်နာဆောင်ရွက်ရန် အတွက် အောက်ပါ စည်းကမ်းချက်များကို နှစ်ဖက်လိုက်နာရန် အသုံးပြုသူ (Customer) ကလည်း သဘောတူ ကြပါသည် -

၁။ **THE AGREEMENT** သဘောတူညီချက်

ဤသဘောတူညီချက်များတွင် ပါဝင်သည့်စကားလုံးများ၊ စကားစုများသည် ဤသဘောတူ စာချုပ်တွင် ပါရှိသော The Service Plan, The Service Contract and the Acceptable Use Policy တို့တွင် အဆိုပါ

စကားလုံး၊ စကားပိုဒ်များအတွက် ရည်ညွှန်းဖွင့်ဆိုထားသည့် အဓိပ္ပာယ်များနည်းတူ အဓိပ္ပာယ်ထပ်တူ ရှိစေရမည်။

## ၂။ THE SUBSCRIPTION PERIOD ဝန်ဆောင်မှု အသုံးပြုသည့်ကာလ

ဝန်ဆောင်မှုအသုံးပြုသည့်ကာလမှာ ဤသဘောတူညီချက်ကို စတင်လက်မှတ်ရေးထိုးသည့် ကာလမှစ၍ (၁၂) လဖြစ်သည့် ကနဦးစတင်သုံးစွဲသည့် (Initial Plan) ကုန်ဆုံးပြီးနောက် အကယ်၍ သင့်ထံမှ အဆိုပါ ကနဦးသုံးစွဲသည့် ကာလကုန်ဆုံးခြင်းမပြုမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ပဋိညာဉ်ကို ဖျက်သိမ်းကြောင်း စာဖြင့် ကြိုတင်ရေးသား ပေးပို့သည့် နို့တစ်စာ မရှိလျှင် ဤဝန်ဆောင်မှု ပဋိညာဉ် စာချုပ်သည် အလိုအလျောက် လာမည့်နှစ်အတွက် အသစ် လဲလှယ်ပြီး (Renew) လုပ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## ၃။ FEES AND PAYMENT TERMS သုံးစွဲမှုများနှင့် ငွေပေးချေမှု စည်းကမ်းများ

(က) ဝန်ဆောင်မှုများအတွက် အဖိုးအခကို သင်၏ Service Plan တွင် ရွေးချယ်ထားသော ဝန်ဆောင်မှု အမျိုးအစားပေါ်မူတည်၍ ငွေပေးချေရမည်။

(ခ) ဝန်ဆောင်မှုများအတွက် စရိတ်စက (Charges) များကို RedLink Communications Co., Ltd က ရက်ပေါင်း ၃၀ ကြိုတင်၍ သင့်ထံသို့ E-mail ပေးပို့ခြင်း (သို့) စာတိုက်မှတစ်ဆင့် ပေးပို့ခြင်းနှင့် RedLink Communications Co., Ltd (သို့) Yatanarpon Teleport Website ပေါ်တွင်ဖော်ပြခြင်းဖြင့် ပြင်ဆင် ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

(ဂ) ဤသဘောတူစာချုပ်တွင်ပါဝင်သည့် ငွေပေးချေရန်ကိစ္စရပ်များအတွက် ပထမဦးဆုံးလအတွက် အချိုးကျ၊ ကျသင့်သည့်စရိတ် (Prorated Fees) အပါအဝင်နှင့် နောက်ပိုင်းလများအတွက် လစဉ်ကျသင့်ငွေနှင့် အခြား အပိုဝန်ဆောင်မှုများအတွက် (အကယ်၍ရှိခဲ့လျှင်) ကျသင့်ငွေအားလုံးကို ငွေတောင်းခံလွှာတွင် အတိအကျ ဖော်ပြထားသည့် နေ့ရက် (သို့မဟုတ်) ယင်းနေ့ မတိုင်မီနေ့တွင် ပေးချေစေရမည်။

(ဃ) သင်ထံသို့ပေးပို့ခဲ့သည့် ငွေတောင်းခံလွှာတွင် ဖော်ပြထားသည့် နေ့ရက်များ၌ ငွေပေးချေမှုမပြုခဲ့လျှင် သင့်အား ပျက်ကွက်သူအဖြစ် သတ်မှတ်ပြီး နောက်ကျကြေး အဖြစ် တစ်လလျှင် ၁.၅ % အပို ထပ်ဆောင်း ပေးဆောင်စေရမည်။

(င) ငွေပေးချေရန် ပျက်ကွက်ခြင်းကြောင့် ဝန်ဆောင်မှုပေးခြင်းကို ချက်ချင်းရပ်ဆိုင်းခြင်း၊ (Suspension) (သို့တည်းမဟုတ်) ချက်ခြင်းဖြတ်တောက်ခြင်း (Termination) ကို RedLink Communications Co., Ltd က တစ်ဖက်သတ် ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဝန်ဆောင်မှုပေးခြင်းကို ခေတ္တရပ်ဆိုင်းခြင်း သို့တည်းမဟုတ် ဖြတ်တောက်ခြင်းကို ဆောင်ရွက်လျှင် စောစွာ ဖြတ်တောက်စရိတ်အပါအဝင် ပြန်လည်သိမ်းယူခြင်းအတွက် RedLink Communications Co., Ltd ၏ ကုန်ကျစရိတ်အရပ်ရပ်ကို ပျက်ကွက်သူမှ ပေးဆောင်ရန် တာဝန်ရှိစေရမည်။ ယင်းသို့ စရိတ်စကများ တောင်းခံရာတွင် ဖြစ်ပေါ်လာမည့် RedLink Communications Co., Ltd ၏ ကုန်ကျစရိတ်များကိုလည်း RedLink Communications Co., Ltd က လွတ်လပ်စွာ တောင်းခံ ပိုင်ခွင့်ရှိမည်ဖြစ်သည်။ ယင်းသို့ တောင်းခံရန်နှင့် ကုစားပိုင်ခွင့်ကို ဆောင်ရွက်ရာ၌ RedLink Communications Co., Ltd အနေဖြင့် တည်ဆဲ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဥပဒေများအတိုင်း ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

(စ) ရပ်ဆိုင်းသည့် (သို့တည်းမဟုတ်) ဖြတ်တောက်ခဲ့သည့် ဝန်ဆောင်မှုများအတွက် ဝန်ဆောင်မှုပြန်လည် ပေးအပ်ရန် ပြန်လည်တပ်ဆင်ရမည့်ကုန်ကျသည့် ဆက်သွယ်ရေးစရိတ် (Reconnection Fees) (မြန်မာငွေ ကျပ် ၂၅,၀၀၀) အတွက်ကုန်ကျငွေများကို ပျက်ကွက်သူက ပေးဆောင်ရမည်။

၄။ ရတနာပုံတယ်လီပို့၏တာဝန်များ

RedLink Communications Co., Ltd က အောက်ပါများကို တာဝန်ယူဆောင်ရွက်ပေးမည် -

(က) သင့်အား အင်တာနက်ဆက်သွယ်မှုနှင့် ယင်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုများ (Internet Access And Related Services) ကို အရှိအတိုင်းနှင့် ရနိုင်သရွေ့ ရနိုင်သည့်အပေါ်အခြေပြု၍ အာမခံ (Warranty) မထားရှိဘဲ ဆောင်ရွက်ပေးမည်။

(ခ) အပါတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ RedLink Communications Co., Ltd ကွန်ယက်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးမည်။

၅။ အသုံးပြုသူ၏တာဝန်များ

အောက်ဖော်ပြပါများကို ဆောင်ရွက်ရန် သင်ကသဘောတူပါသည် -

(က) ဥပဒေက သို့တည်းမဟုတ် ဒေသဆိုင်ရာဥပဒေ သို့တည်းမဟုတ် စည်းမျဉ်းစည်းကမ်းအတိုင်း၊ တားမြစ်ချက်များကို လိုက်နာလျက် ဝန်ဆောင်မှုများကို အသုံးပြုရမည်။ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ RedLink Communications Co., Ltd ၏ Acceptable Use Policy ကို လိုက်နာကျင့်သုံးပါမည်။

(ခ) Internet ပေါ်တွင် သို့တည်းမဟုတ် Internet မှတဆင့် ဆက်သွယ်သည့် လမ်းကြောင်းပေါ်တွင် ဥပဒေနှင့် ဒေသဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဆန့်ကျင်သည့်ကိစ္စရပ်များ၊ လှုပ်ရှားမှုများနှင့် လိင်ကိစ္စဆိုင်ရာ အထင်အရှား ဖော်ပြထားသည့် ညစ်ညမ်းသည့် သို့ တည်းမဟုတ် လက်ခံနိုင်ဖွယ်ရာမရှိသည့် လိင်ကိစ္စရပ်များ ပါရှိကောင်း ပါရှိနိုင်မည်ကို သိရှိသဘောတူပါသည်။ အဆိုပါ ပါရှိချက်များနှင့် ပတ်သက်၍ RedLink Communications Co., Ltd တွင် တာဝန်မရှိသည်ကို သဘောတူပါသည်။ အဆိုပါကိစ္စရပ်များကို မိမိ သဘောဆန္ဒအရသာ ကြည့်ရှုခြင်းဖြစ်ကြောင်းဝန်ခံပါသည်။

(ဂ) ဝန်ဆောင်မှုစရိတ်စကများ (Services Charges) ကို ငွေတောင်းခံလွှာတွင် ဖော်ပြထားသည့် နေ့ရက် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ ပေးချေပါမည်။

(ဃ) သင်၏လက်ရှိတည်ဆဲ Data အချက်အလက်များကို ထိန်းသိမ်းထားရန်မှာ သင်၏ တာဝန်သာ ဖြစ်သည်။ အဆိုပါ Data အချက်အလက်များ၏ ဆုံးရှုံးမှုပျက်စီးမှုသည် RedLink Communications Co., Ltd နှင့် မသက်ဆိုင်ကြောင်း သဘောတူဝန်ခံပါသည်။

(င) RedLink Communications Co., Ltd မှ သင့်အားလွှဲအပ်ထားသည့် User Account များသည် သင့်အား ငှားရမ်းထားသည့် ပစ္စည်းအဖြစ်မှတ်ယူပြီး လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း မဟုတ်ကြောင်း မှတ်ယူရမည်။ အဆိုပါ User Account ကို ဝန်ဆောင်မှု

ဖြတ်တောက်သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် ဖြတ်တောက်သည်ဖြစ်စေ RedLink Communications Co., Ltd သို့ ပြန်လည်ပေးအပ်ရမည်။

(စ) ဂှားရမ်းသုံးစွဲသူမှ မည်သည့်အကြောင်းပြချက်မျိုးနှင့်မျှ မိမိဂှားရမ်းထားသော ဝန်ဆောင်မှုအား အခြားတစ်ယောက် သို့တည်းမဟုတ် ကုမ္ပဏီများထံသို့ လွှဲပြောင်းခြင်းမျိုး မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ကြောင်း RedLink Communications Co., Ltd မှ သိရှိခဲ့ပါက ဂှားရမ်းသုံးစွဲခြင်းအား ကြိုတင် အကြောင်းကြားခြင်းမရှိဘဲ ချက်ချင်း ရပ်ဆိုင်းမည် ဖြစ်ကြောင်း သဘောတူပါသည်။

(ဆ) RedLink Communications Co., Ltd မှ ပေးအပ်ထားသော မည်သည့်ဝန်ဆောင်မှုမျိုးကိုမဆို တစ်ဆင့်ပြန်လည် ရောင်းချခြင်း (သို့) ထပ်ဆင့်ဖြန့်ဝေပေးခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရပါ။ ထိုသို့ ဆောင်ရွက်သည်ကို တွေ့ရှိပါက တည်ဆဲတရားဥပဒေအရ အရေးယူခြင်းခံရမည်ကို သဘောတူပါသည်။

(ဇ) ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ဆောက်ရာတွင် ကုန်ကျစရိတ်များအား သုံးစွဲသူမှ စိုက်ထုတ် ပေးဆောင်ရန် သဘောတူပါသည်။

၆။ **RedLink Communications Co., Ltd ၏ ဝန်ဆောင်မှုအရည်အသွေး**

သင်သည် လေထုအခြေအနေ၊ ပထဝီအနေအထားအခြေအနေ သို့တည်းမဟုတ် အပူပိုင်း ဒေသရာသီဥတု အခြေအနေ၊ စီးပွားရေးဆိုင်ရာပြဿနာများ အပါအဝင် RedLink Communications Co., Ltd အနေဖြင့် ထိန်းချုပ်နိုင်စွမ်းမရှိသည့် အခြေအနေများကြောင့် ဝန်ဆောင်မှုအရည်အသွေးကို အကျိုးသက်ရောက်စေနိုင်ကြောင်း အသိအမှတ်ပြုပါသည်။ ဝန်ဆောင်မှုပေးရာတွင် မည်သည့် ပြတ်တောက်ခြင်း၊ နှောင့်ယှက် ဖျက်ဆီးခြင်း မရှိစေရန် RedLink Communications Co., Ltd က အာမ,မခံနိုင်ပါ။ လုံခြုံရေး အစီအမံများ ချထားသော်လည်း (Data) အချက်အလက်များ လွှင့်ထုတ်ခြင်းနှင့် ထိန်းသိမ်းခြင်းများအတွက် လုံခြုံမှုကို RedLink Communications Co., Ltd က အာမခံချက်မပေးနိုင်ပေ။

၇။ **TERMINATION / EARLY TERMINATION FEE** ဖြတ်တောက်ရပ်ဆိုင်းခြင်း / စောစီးစွာ ဖြတ်တောက် ရပ်ဆိုင်းစရိတ်

(က) ကနဦးအသုံးပြုထားသည့်ကာလ ကုန်ဆုံးချိန်တွင် သို့တည်းမဟုတ် ဆက်လက် အသုံးပြုမည့် အချိန်ကာလမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ထက်မနည်း ကြိုတင်၍ RedLink Communications Co., Ltd သို့ နို့တစ်စာပေးပို့ပြီး ဝန်ဆောင်မှုကို သင့်အနေဖြင့် ဖြတ်တောက် ရပ်ဆိုင်းနိုင်သည်။

(ခ) သင်က သင်ရယူထားသည့်ဝန်ဆောင်မှုကို ရပ်ဆိုင်းသည်ဖြစ်စေ၊ သို့တည်းမဟုတ် သင့်အား ပေးနေသည့်ဝန်ဆောင်မှုကို RedLink Communications Co., Ltd က သဘောတူထားသည့် စည်းကမ်းများကို ချိုးဖောက်မှုကြောင့် ရပ်ဆိုင်းသည်ဖြစ်စေ၊ သက်တမ်းစေ့မရောက်မီရပ်ဆိုင်းရလျှင် သင့်ဖက်မှ စောစီးစွာ ဖြတ်တောက်ရပ်ဆိုင်း စရိတ်ပေးဆောင်ရန် တာဝန်ရှိသည်။ ယင်းစရိတ်သည် လစဉ်ပေးဆောင်ရန်ရှိသည့် စရိတ်စကများအတိုင်း ကျန်ရှိသည့်လများအတွက် ပေးဆောင်ရန်ရှိသည့် ငွေနှင့်

အညီအမျှဖြစ်စေရမည်၊ သို့တည်းမဟုတ် သင်၏ Service Plan တွင် ယင်းစရိတ်ကို အတိအကျ ဖော်ပြထားလျှင် အဆိုပါ ဖော်ပြထားငွေကို ပေးဆောင်ရမည်။

၈။ **AMENDMENT** ပြင်ဆင်ချက်များ

RedLink Communications Co., Ltd သည် သင်နှင့်ချုပ်ဆိုထားသည့် သဘောတူ ပဋိညာဉ် စာချုပ်ပါ စည်းကမ်းချက်များကို ရက်ပေါင်း ၃၀ ကြိုတင်၍ E-mail ဖြင့် နို့တစ်စာပေးပို့ခြင်းဖြင့် ပြင်ဆင်ပြောင်းလဲနိုင်သည်။ အဆိုပါ ပြင်ဆင်ပြောင်းလဲမှုများကို သင့်ဖက်မှ သဘောတူ လက်ခံနိုင်ခြင်းမရှိလျှင် ဤသဘော တူညီချက်များကို အဆိုပါပြင်ဆင်မှုများ စတင် အကျိုးသက်ရောက်ခြင်းမရှိမီ စာဖြင့်ရေးသားသည့် နို့တစ်စာ ပေးပို့၍ သဘောတူစာချုပ်ကို ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းလျှင် ဒဏ်ငွေသတ်မှတ်ခြင်းမရှိစေရ။ သတ်မှတ်သည့် အချိန်အတွင်း နို့တစ်စာ ပေးပို့ရန်ပျက်ကွက်ခဲ့လျှင် ပြင်ဆင်မှုကို လက်ခံ သဘောတူညီသည်ဟု အဓိပ္ပာယ် သက်ရောက်စေရမည်။

၉။ **COMPLAINT RESOLUTION / NOTICES**
တိုင်တန်းချက်ဆုံးဖြတ်ချက် / နို့တစ်စာ

ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ သို့တည်းမဟုတ် ဝန်ဆောင်မှုကိုအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဖြစ်စေ တိုင်ကြားချက်များကို ဖြေရှင်းဆုံးဖြတ်နိုင်ရန်အလို့ငှာ RedLink Communications Co., Ltd ဖုန်း ၉၅ ၁ ၅၅၁၁၆၂၊ ၅၅၁၁၆၃၊ ၅၅၁၁၆၄၊ ၄၀၁၀၈၁၊ ၄၀၁၀၈၂ သို့ ဆက်သွယ်ရန်ဖြစ်သည်။ သင့်ထံပေးပို့သည့် E-mail နို့တစ်စာသည် သင်၏ E-mail လိပ်စာဖြင့် ပေးပို့သည့် နေ့မှစ၍ ၃ ရက်ပြည့်မြောက်သည့်နေ့တွင် နို့တစ်စာ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။ RedLink Communications Co., Ltd သို့ ပေးပို့သည့် နို့တစ်စာသည် RedLink Communications Co., Ltd ၏ Customer Care Department သို့ လိပ်မူပေးပို့၍ သင်၏ Invoice တွင် ဖော်ပြသည့်လိပ်စာ၌ လက်ခံ ရရှိကြောင်းပါရှိလျှင် အတည်ဖြစ်သည်။ သင်၏နို့တစ်စာတွင် စာရင်းအင်းဆိုင်ရာ အချက်အလက်များ အသေးစိတ် ပါရှိရမည်။ နှုတ်ဖြင့်ပေးပို့သော နို့တစ်စာများကို လက်ခံမည် မဟုတ်ပါ။

၁၀။ **INDEMNIFICATION** ပျက်ဆီးဆုံးရှုံးခြင်းအတွက် လျော်ကြေးပေးခြင်း

ဤသဘောတူစာချုပ်တွင်ဖြစ်စေ၊ သို့တည်းမဟုတ် သင်၏စက်ကိရိယာပစ္စည်းများကို အသုံးပြု ခြင်းကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် ဝန်ဆောင်မှုရယူခြင်းကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် အာမခံ ပေးမှုကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် အခြား ဖောက်ဖျက် ကျူးလွန်မှုကြောင့်ဖြစ်စေ၊ အာမခံချက်တစ်စုံတရာကို အပြည့်အဝ မဆောင်ရွက်နိုင်ခြင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် ကိစ္စနှင့် RedLink Communications Co., Ltd တာဝန်ခံသည့် ကိစ္စများမှ ပေါ်ပေါက်သည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာမှု (Damages)၊ ဆုံးရှုံးနစ်နာမှု (Loss) အပေါ် လျော်ကြေး တောင်းခံခြင်း သို့တည်းမဟုတ် အရေးဆိုတောင်းခံမှုများ ရှိလာပါက RedLink Communications Co., Ltd အတွက်နှင့် RedLink Communications Co., Ltd ၏ ဒါရိုက်တာ

အဖွဲ့ဝင်များ၊ အရာရှိများ၊ ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ အစုရှယ်ယာဝင်များ၊ Service Provider များကို သင့်အနေဖြင့် အကာအကွယ်ပေးရမည်။ ယင်းတို့အတွက် အာမခံရမည်၊ ပေးလျော်ရမည်ဖြစ်သည်။ ထို့အပြင် ဤစာချုပ်အား လိုက်နာဆောင်ရွက်စေရာတွင် ရှေ့နေများနှင့် ကျွမ်းကျင်သူပုဂ္ဂိုလ်များ၏ ကုန်ကျစရိတ် အရပ်ရပ်များကို သင်က ပေးလျော်ရန် သဘောတူပါမည်။ ဤစာပိုဒ်ပါ သဘောတူချက် များသည် မည်သည့် အကြောင်းကြောင့်ဖြစ်စေ သဘောတူညီချက်ကို ရပ်ဆိုင်းပြီးဖြစ်သော်လည်း ဆက်လက်အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၁။ **LANGUAGE** ဘာသာစကား

ဤသဘောတူညီချက်စာချုပ်သည် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ရေးသားထားသော ပြန်ဆိုမှုအဓိပ္ပာယ်သက်ရောက်မှုသာလျှင် အတည်ဖြစ်စေရမည်။

၁၂။ **ARBITRATION** အနုညာတခုံသမာဓိ ဆုံးဖြတ်ချက်

ဤသဘောတူညီချက် ပဋိညာဉ်သည် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။ ဤသဘောတူညီချက်တွင် ပါဝင်သည့်အချက်များကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှု [ အထက်စာပိုဒ် - ၁ (Section) တွင် ဖော်ပြထားသည့် အချက်ပေါ်တွင် အကြောင်းပြု၍ ငွေပေးချေရန် ပျက်ကွက်မှုမှတပါး ] အဆိုပါ အငြင်းပွားမှုများကို အနုညာတ ခုံသမာဓိအဖွဲ့ဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေး နည်းဥပဒေများအတိုင်း အဆုံးအဖြတ်ခံယူပါမည်။ ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းကို ရန်ကုန်မြို့တွင် ခံယူရန်ဖြစ်သည်။ ခုံသမာဓိအဖွဲ့ဝင်နှစ်ဦးကို အငြင်းပွားသည့် အဖွဲ့နှစ်ဖွဲ့မှ မိမိတို့အသီးသီး၏ အပြန်အလှန် သဘောတူညီချက်ဖြင့် အသီးသီးရွေးကောက်တင်မြှောက်၍ အဆိုပါခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ခံယူရန် ကုန်ကျစရိတ်များကို သင်နှင့် RedLink Communications Co., Ltd က အညီအမျှ ကျခံရန်ဖြစ်သည်။ ကုန်ကျစရိတ် ဆိုရာတွင် ရှေ့နေငှားရမ်းခမှအပ ခုံသမာဓိအဖွဲ့ဝင်များ၏ ကုန်ကျစရိတ်ကို နှစ်ဖက်မျှဝေကျခံရန် ဖြစ်သည်။ ထိုသို့ ခုံသမာဓိအဖွဲ့ဖြင့် အဆုံးအဖြတ်ခံယူရန် သဘောတူညီချက်သည် ဤပဋိညာဉ် ရပ်ဆိုင်း သည့်တိုင် ဆက်လက်ရှင်သန်စေမည်ဖြစ်သည်။ အငြင်းပွားတောင်းဆိုမှု အားလုံးကို ကိစ္စတစ်ခုချင်းအလိုက် ခုံသမာဓိအဖွဲ့ဖြင့် အဆုံးအဖြတ်ခံရမည်။ ယခင်က RedLink Communications Co., Ltd နှင့် စာဖြင့် ကြိုတင် ရေးသား သဘောတူညီချက်မရှိဘဲ တောင်းဆိုမှုအားလုံးကို စုပေါင်း၍ တစ်လုံးတစ်စည်းထဲ ဖြေရှင်းခြင်း မပြုနိုင်။

Noted And Agreed.
မှတ်သားပြီး သဘောတူပါကြောင်း။

လက်မှတ်
CUSTOMER ( အသုံးပြုသူ )